ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ထေးပလော်ခူကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၂ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၃ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၄ |

# လွိုင်ကော်မြို့နယ်မြေပုံ


လွိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလဝိုးအုပ်စု | နွားလဝိုးစံပြ | |
| ၂။ | နွားလဝိုးအုပ်စု | နွားလဝိုးရွာမ | |
| ၃။ | နွားလဝိုးအုပ်စု | ကယန်းကြံခူ | |
| ၄။ | နွားလဝိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလဝိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလဝိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလဝိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလဝိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလဝိုးအုပ်စု | ဒေါခေါ်ခူ | |
| ၁၀။ | နွားလဝိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလဝိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလဝိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလဝိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလဝိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလဝိုးအုပ်စု | ထေးပလော်ခူ | |
| ၁၆။ | နွားလဝိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလဝိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလဝိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလဝိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလဝိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-**ထေးပလော်ခူ** ရက်စွဲ ၁၁.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ထေးပလော်ခူကျေးရွာကို ၁၈၆၀ ခုနှစ်တွင် နီးကိုးတိုက်နယ်မှ ပြောင်းရွှေ့ကာ ထေးပလော်ခူကျေးရွာကို တည်ထောင်ခဲ့ကြပါသည်။ ထိုအချိန်တွင်အိမ်ခြေ(၄)အိမ်သာရှိပြီး လူဦးရေ (၁၅)ဦး၊ မ(၁၀)၊ စုစုပေါင်း(၂၅)ဦးသာရှိပါသည်။ ကယားလူမျိုးသားဖြစ်ကြပြီး ရိုးရာခွန်တိုင်ကိုသာ ကိုးကွယ်ကြပါသည်။ ထိုအချိန်တွင် ဆေးပေးခန်းများ၊ စာသင်ကျောင်းများမရှိသောကြောင့် အသိပညာ နည်းပါးပြီး ကျန်းမာရေး ဗဟုသုတများလည်းအားနည်းခဲ့ပါသည်။

၁၈၈၇ ခုနှစ် တွင်အိမ်ခြေပေါင်း(၁၃)အိမ်အထိ တိုးလာပြီး လူဦးရေမှာ ကျား(၃၀)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်း လူဦးရေ(၅၀)အထိတိုးလာခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အိမ်ခြေ(၂၀)၊ လူဦးရေ(၁၀၀)အထိများပြားလာခဲ့သည်။ အဓိက အလုပ်အကိုင်အဖြစ် လယ်ယာလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပြီး စပါးပြောင်း အဓိကစိုက်ပျိုးကြပါသည်။ ၁၉၇၃ခုနှစ်တွင်နီးကိုးတိုက်နယ်မှ(၄)အုပ်စု ခွဲထွက်ခဲ့ကြပါသည်။ ထေးပလော်ခူကျေးရွာသည် နွားလပိုးအုပ်စုတွင် ပါဝင်ခဲ့ပါသည်။ ထိုအချိန် နွားလပိုးကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း(၁၂)ရွာသာ ရှိပါသည်။ စာသင်ကျောင်းလည်း မရှိသော ကြောင့် အခြားရွာတွင်ရှိသော ဘုန်းကြီးကျောင်းသို့ စာသွားရောက်သင်ခဲ့ရပါသည်။ ဦးဖြေရယ်သည် နွားလပိုးအုပ်စု၏ကျေးရွာလုံခြုံရေး အုပ်ချုပ်မှုကော်မတီအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၁ ခုနှစ်တွင် ရိုးရာတံခွန်တိုင်အပြင် ဗုဒ္ဓဘာသာကိုလည်းကိုးကွယ် လာခဲ့ကြသည်။ ကျေးရွာတွင် ရေတွင်းတစ်တွင်း သာရှိသောကြောင့် ရေလုံလောက်မှုမရှိဘဲ ရေရှားပါးမှုများကြုံတွေ့ခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် စာသင်ကျောင်း စတင်တည်ဆောက်ခဲ့သည်။ အိမ်ခြေမှာ(၆၀)ရှိပြီး လူဦးရေမှာ(၂၅၀)အထိ တိုးပွားလာခဲ့သည်။

၁၉၉၁ ခုနှစ်တွင်(၂၆၁)တပ်စခန်း လာရောက်အခြေချခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကျေးရွာလူထုများပိုင်ဆိုင်သော လယ်မြေများကို တပ်နယ်မြေအဖြစ်သိမ်းယူပြီး အချို့သော လယ်မြေအတွက် လျော်ကြေးငွေအနည်းငယ်သာပေးခဲ့ပါသည်။ အချို့သောလယ်ယာမြေတွင် စပါးစိုက် ရသော်လည်း စပါးရိတ် သိမ်းပြီးချိန်တွင် (၁)ကေကိုစပါး(၄)တင်း၊ (၆)တင်းမှ(၈)တင်း အထိပေးဆောင် ရပါသည်၊ စပါးမစိုက်ရသောနွေရာသီ အချိန်တွင်လည်း (၁)ကေလျှင် ကျပ်နှစ်ထောင်နှုန်းဖြင့်ပေးဆောင် ရပါသည်၊ ၂၀၁၃ ခုနှစ် နောက်ပိုင်းမှသာ အခွန်ပေးဆောင်ခြင်းများမှရပ်နားခဲ့သည်။ အဘယ်ကြောင့် ဆိုသော် လယ်မြေများကို လွတ်လပ်စွာပြန်လည် စိုက်ပျိုးနိုင်ရန်အတွက်ဂရမ်များပြုလုပ်ရန် သက်ဆိုင်ရာ ဌာနသို့တင်ပြထားသောကြောင့်ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ကျေးရွာအနီးတွင်စစ်ပွဲများဖြစ်သောကြောင့် ကျေးရွာများကိုရွှေပြောင်း ခြင်းခံရပါသည်။ အချို့သောသူများသည် အခြားကျေးရွာတွင်ရှိသော ဆွေမျိုးများထံ သွားရောက် နေထိုင်ကြပြီး တစ်လကြာမှသာကျေးရွာသို့ပြန်လည်နေထိုင်လာခဲ့ကြပါသည်၊ ၂၀၀၅ ခုနှစ်တွင် UNDP စီမံကိန်းဝင်လာပြီး အမျိုးသမီးငွေစုငွေချေး အသင်းအဖွဲ့များဖွဲ့စည်းနိုင်ရန်ဟောပြောဆွေးနွေးခဲ့ပါသည်။ ယခုအခါတွင် အလှူရှင်များထံမှကျေးရွာအတွက် ရေတွင်းများလာရောက်လှူဒါန်းသောကြောင့်

ရေတွင်းများရှိလာခဲ့ပါသည်။ ကျေးရွာအမည်ထေးပလော်ခူ၏ အဓိပ္ပာယ်မှာ တောင်ကုန်းပေါ်မှ ရေထွက်သောကျေးရွာဟု အဓိပ္ပာယ်ရပါသည်။ ကျေးရွာရှိ စေတီကို ၂၀၀၄-၂၀၀၆ ခုနှစ်တွင်စတင် တည်ထားကိုးကွယ်ကြပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်ထူးထူးအောင်


ရာထူး- လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၁၁.၁၀.၂၀၁၃ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၄၆ | ၂၉ | ၇၅ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်း၊ရေကန်သစ်တောများ |
| ၂။ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၁၁.၁၀.၂၀၁၃ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၄၆ | ၂၉ | ၇၅ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံ စံနှုန်း များ သတ် မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၁.၁၀.၂၀၁၃ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၄၆ | ၂၉ | ၇၅ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal  Calender) | ၁၁.၁၀.၂၀၁၃ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၄၆ | ၂၉ | ၇၅ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၁၁.၁၀.၂၀၁၃ | အမျိုးသမီး၊အမျိုးသားများ | ၄၆ | ၂၉ | ၇၅ | အမျိုးသမီး၊အမျိုးသားများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၁၁.၁၀.၂၀၁၃ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၄၆ | ၂၉ | ၇၅ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော် ကျေးရွာအုပ်စု-နွားလပိုး ကျေးရွာ-ထေးပလော်ခူ ရက်စွဲ -၁၁.၁၀.၂၀၁၇...



ပါဝင်ဆွေးနွေးသူ - မှတ်တမ်းတင်သူ

ကျား - ၁၄ အမည်- ဒေါ်နော်ထူးထူးအောင်

မ - ၂၃ ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ထေးပလော်ခူကျေးရွာတွင် အိမ်ခြေ(၁၂၇)အိမ် ရှိပြီး ကယားလူမျိုးအများဆုံးနေထိုင်ကြပါသည်။ ကယန်းလူမျိုးနှင့် ဗမာလူမျိုး များလည်းနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသော ကျေးရွာဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း တို့ကို အဓိကစိုက်ပျိုးပြီးကြက်သွန်နှင့် မြေပဲ စသည့်တို့ကို အိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ထိုစိုက်ပျိုးသီးနှံ ကိုသာအမှီပြုမိသားစု၏စားဝတ်နေရေး ပြဿနာကိုဖြေရှင်းကြရပါသည်။ စပါးနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါး နှင့် ပြောင်းမျိုးကောင်းမျိုးသန့် ရရှိစေရန်ဈေးကြီးပေးပြီးဝယ်ကြရသည်။ စိုက်ပျိုးရာသီ နှင့် ရိတ်သိမ်းရာသီပြီးသောအခါတွင် တောင်ယာများကို ရှင်းလင်းမီးရှို့ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းများသွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက် ၊ ဝက်မွေးမြူခြင်း နှင့် အချို့မှာ အရက်ချက်ပြီး ရွာတွင်းနှင့် နီးစပ်ရာကျေးရွာများတွင် သွားရောက်ရောင်းချ ခြင်းဖြင့်ဝင်ငွေ ရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာအရင်းအမြစ်အရင်းအနေဖြင့် ထိန်းသိမ်းထားသော သစ်တောနှင့် ရေထွက်ပေါက်ရှိပါသည်။ ကျေးရွာလူထုများသည် အိမ်တိုင်း တွင်ရေတွင်းရေ ကိုသာ သောက် သုံးကြသည်။ ထိုသို့မိမိအိမ်ရှိရေတွင်းကိုအသုံးပြုရခြင်းအကြောင်းရင်းမှာ မိမိနေထိုင်ရာကျေးရွာနှင့် မိနစ်(၂၀) ခန့်လမ်းလျှောက်သွားကြရသောကြောင့် ရေထွက်ပေါက်မှရေကို အသုံးမပြုဘဲ စိုက်ပျိုးရေးအတွက်သာ အသုံးပြုကြပါသည်။ သို့သော်လည်း နွေရာသီတွင် ရေတွင်းရေများ ခမ်းသောကြောင့် အချို့အိမ်ထောင်စုမှာ ရေဝယ်ယူသုံးစွဲရခြင်း အချို့မှာရေထွက်ပေါက်အထိ နွေရာသီတွင် သွားရောက်ခပ်ယူကြရပါသည်။

ထေးပလော်ခူကျေးရွာ မူလတန်းစာသင်ကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းများကို မြို့ပေါ်စာသင်ကျောင်းတွင်ကျောင်းတွင်သာ ဆက်လက်ပညာသင်ယူကြပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးအခက်အခဲများရှိပါက ကျေးရွာအနီးတွင်ရှိသောလင်ဖုံကျေးရွာရှိ ကျန်းမာရေးဆေးပေးခန်းတွင်သွားရောက် ဆေးကုသမှုခံယူကြပြီး အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင် သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေ နှင့် လူဦးရေများသောကြောင့် ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ကြပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် -လွိုင်ကော်   ကျေးရွာအုပ်စု-နွားလဝိုး    ကျေးရွာ-ထေးပလော်ခူ   ရက်စွဲ ၁၁.၁၀.၂၀၁၇...

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လော်ဂျီ၊ ခြံ (၂) ကေ၊ လယ်(၁၀) ကေ၊ တိုက်အိမ် ၊နွား(၁၀) ကောင်နှင့်အထက် ၊ဆိုင်ကယ် (၂)စီး၊ ကျောက်တင်ကား ၊ ဖုန်း၊ တီဗီ | ၁၀ | ၈ % |
| အလယ်အလတ် | လယ် (၅)ကေ ၊ခြံ (၁) ကေ၊ နွား (၅) ကောင်နှင့်အထက်၊ဆိုင်ကယ်(၁)စီး၊ ပျဉ်ထောင်အိမ်၊ဖုန်း၊တီဗီ | ၅၉ | ၄၆% |
| ဆင်းရဲ/နွမ်းပါး | ဝါးထန်ရုံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ၊ လယ်(၂) ကေ နှင့်အထက်၊ ခြံ (၁) ကေ | ၅၈ | ၄၆ % |
| | **စုစုပေါင်း** | **၁၂၇** | **၁၀၀%** |

**ပါဝင်ဆွေးနွေးသူ -** | **မှတ်တမ်းတင်သူ**

ကျား -    ၄၆

မ   -    ၂၉

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်







ထေးပလော်ခူကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ အိမ်ခြေနှင့်အိမ်ထောင်စုအရေအတွက်(၁၂၇)အိမ်ရှိသည့်အနက် အိမ်ခြေ(၁၀)မှာ ချမ်းသာအဆင့်၊ အိမ်ခြေ(၅၉)မှာ အလယ်အလတ်အဆင့်တွင်ရှိပြီး အိမ်ခြေ(၅၈)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ(၁၀) အိမ်မှာ ကား၊ထော်လော်ဂျီ၊ နွား(၁၀)ကောင်နှင့်အထက် ၊ဆိုင်ကယ် (၂)စီး၊ ကျောက်တင်ကား၊ တီဗီ၊ ဖုန်း၊ ခြံ (၂)ဧက နှင့် လယ်ယာ (၁၀) ဧကနှင့်အထက်ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်နှစ်ထပ်ဖြင့်နေထိုင်ကြပါသည်။

အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၅၉) အိမ်တွင် ဆိုင်ကယ် (၁)စီး၊ ဖုန်း၊တီဗီ၊ ခြံ (၁) ဧက၊ လယ်ယာ (၅) ဧကနှင့်အထက်ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေအထားမှာ ပျဉ်ထောင်အိမ်နှင့် သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဝတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၅၈) အိမ်မှာ ဆိုင်ကယ်၊ တီဗီ၊ ခြံ (၁) ဧက ၊ခြံ (၁) ဧက၊လယ်ယာ (၂) ဧကနှင့်အထက်ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ဝါးထန်းရံအိမ်ဖြင့်သာနေထိုင်ကြပါသည်။ ဤအဆင့်တွင်ရှိသောအချို့မိသားစုမှာလည်းလယ်ယာပိုင်ဆိုင်မှုမရှိသောမိသားစုများလည်းရှိပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့်စားဝတ်နေရေးမပြေလည်သည့်အကြောင်းအရင်းမှာလယ်ယာနှင့် ခြံပိုင်ဆိုင်မှုနည်းပါးခြင်း၊အလုပ်အကိုင်အတည်တကျမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။ အချို့သောသူများ မှာလယ်ယာမဝယ်နိုင်ခြင်းနှင့် ရင်းနီးငွေမရှိခြင်းတို့ကြောင့် စားဝတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဝတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသောအချိန်တွင် ပန်းရံလက်သမားလုပ်ငန်းများလုပ်ကိုင်ကြပြီး စားဝတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လှမ်းမှ ဝင်ငွေရရှိစေရန်ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။ မိုးခေါင်ရေရှားပြီး ရာသီဥတုဖောက်ပြန်သောနှစ်တွင် လယ်ယာဧကများစွာပိုင်ဆိုင်ထားသောအိမ်ထောင်စုမှာ စားဝတ်နေရေးအဆင်ပြေသော်လည်း လယ်ယာဧက အနည်းငယ်သာပိုင်ဆိုင်ထားသောအိမ်ထောင်စုမှာ စားဝတ်နေရေးအခက်အခဲများကြုံတွေ့ကြ ရပါသည်။ ထိုသို့အခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက်ချေးငှားရပြီး နောက်နှစ်သီးနံ့ပေါ်ချိန်မှသာ အကြွေးများပြန်လည် ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဝတ်နေရေးအဆင်ပြေပြီး မိသားစုအတွက်တစ်နှစ်တာ စားဝတ်နေရေးအတွက်လုံလောက်မှု ရှိပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | ကြက်သွန်နှုတ် | | စပါးစိုက်၊ပြောင်းစိုက်၊မြေပဲစိုက် | | | ပေါင်းလိုက်၊စပါးရိတ်၊ပြောင်းရိတ်သိမ်း မြေပဲနုတ် | | | ကြက်သွန်စိုက် | | | |
| ဝင်ငွေ | $ | | | | | | $$ | $$ | $$ | $ | $ | |
| ထွက်ငွေ | $ | | $ | $ | $ | $ | $ | | | | | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျှော | | | | | | တုတ်ကွေး နာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | တခွန်တိုင်ပွဲ | | | ပဌာန်းပွဲ | | ဒီးကူပွဲ | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | ငှက်လိုက်ပွဲ | ကောက်သစ်စားပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါများခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၆

မ - ၂၉

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ထေးပလော်ခူကျေးရွာ၏ အဓိက စိုက်ပျိုးသောသီးနှံမှာ ပြောင်းနှင့် စပါး ဖြစ်ပြီး မြေပဲ၊ ကြက်သွန်တို့ကိုလည်းအိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ဇွန်လတွင် ပြောင်းစတင်စိုက်ပျိုးကြပြီး မြေပဲကို ဇူလိုင်လတွင်စိုက်ပျိုးပြီး ဩဂုတ်လတွင်စပါးစိုက်ပျိုးကြပါသည်။ အောက်တိုဘာလတွင် ပြောင်းချိုး၊မြေပဲနုတ်ပြီး နိုဝင်ဘာလတွင် စပါးရိတ်သိမ်းကြပါသည်။ စပါးရိတ်သိမ်းပြီးနောက် ကြက်သွန်ကိုစတင်စိုက်ပျိုးကြပါသည်။

ဝင်ငွေများအနေဖြင့် စပါး၊ပြောင်း နှင့် မြေပဲ ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စားအလုပ်များ သွားရောက် လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေမျာအနေဖြင့် စိုက်ပျိုးချိန်အတွက်မြေဩဇာများ၊ မျိုးစေ့များဝယ်ရသောအချိန်တွင်ထွက်ငွေ ပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လများတွင် ဝမ်းပျက်ဝမ်းလျော့အဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေးရောဂါ အဖြစ်များပါသည်။ ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်များသည်လည်း လျှာနာခွာနာ ရောဂါများ ခံစားကြရပါသည်။

ထေးပလော်ခူကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ရိုးရာတံခွန်တိုင်ပွဲ နှင့် ဒီးကူပွဲ စသည့်တို့ကိုအဓိကကျင်းပပြီး စပါးရိတ်သိမ်းပြီးချိန်တွင် ငှက်လိုက်ပွဲများ၊ ကောက်သစ်စားပွဲများကျင်းပကြပါသည်။ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ရှင်ပြုပွဲ၊ ပဌာန်းပွဲ စသည့်တို့ကိုလည်း ရာသီအလိုက်ကျင်းပကြပါသည်။

ဧပြီလနှင့်မေလတွင် သောက်သုံးရာသီရှားပါးသောကာလဖြစ်သောကြောင့် အချို့မှာ ရေဝယ်ယူသုံးစွဲရပြီး အချို့မှာရေထွက်ပေါက်အထိသွားရောက်ရေခပ်ယူသုံးစွဲကြရပါသည်။ စိုက်ပျိုးရာသီနားသောအချိန်တွင် အမျိုးသားများသည် ပန်းရံ၊ လက်သမားလုပ်ငန်းများသွားရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် ကြက်၊ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| လယ်ထွန်စက် | ကောက်စိုက် | ဆိုင်ကယ် |
| ထော်လော်ဂျီ | ဈေးဆိုင် | လယ်ယာ |
| ကျောက်တင်ကား | အပ်ချုပ်စက် | ပန်းရံ |
| လက်သမား | ကြက်၊ဝက်မွေးမြူးခြင်း | လမ်း၊ရေတွင်း |
| ဆိုင်ကယ်ပြုပြင်ခြင်း | အရက်ချက်ခြင်း | ဘုန်းကြီးကျောင်း |
| | အိမ်တွင်းမှု | အိမ်၊ ကျောင်း |
| | | စေတီ |
| | | တံခွန်တိုင်ကွင်း |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉

မ -၂၆

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| လယ်ထွန်စက် | ကောက်စိုက် | ဆိုင်ကယ် |
| ဆိုင်ကယ်ပြုပြင်ခြင်း | အပ်ချုပ်စက် | လယ်ယာ |
| ကျောက်တင်ကား | ကြက်၊ဝက်မွေးမြူးခြင်း | ပန်းရုံ |
| လက်သမား | အရက်ချက်ခြင်း | လမ်း၊ရေတွင်း |
| ကျောက်တင်ကား | အိမ်တွင်းမှု | ဘုန်းကြီးကျောင်း |
| | | အိမ်၊ ကျောင်း |
| | | စေတီ |
| | | တံခွန်တိုင်ကွင်း |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉

မ -၂၆

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး


# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ထေးပလော်ခူကျေးရွာတွင် အိမ်ခြေ (၁၂၇) အိမ် ရှိပြီး ကယားလူမျိုးအများဆုံး နေထိုင်ကြပါသည်။ ကယန်းလူမျိုးနှင့် ဗမာလူမျိုး များလည်းနေထိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသော ကျေးရွာ ဖြစ်ပါသည်။ လယ်ယာများတွင် စပါး၊ ပြောင်း တို့ကို အဓိကစိုက်ပျိုးပြီးကြက်သွန်နှင့် မြေပဲ စသည့်တို့ကို အိမ်စားဖို့ရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ ထိုစိုက်ပျိုးသီးနှံကိုသာအ မှီပြုမိသားစု၏ စားဝတ်နေရေး ပြသနာကိုဖြေရှင်းကြရပါသည်။ စပါးနှင့်ပြောင်းတို့ကို မေလနှင့်ဇွန်လတွင် အများဆုံး စိုက်ပျိုးကြပါသည်။ ရာသီဥတုပေါ် မူတည်ပြီး စိုက်ပျိုးကြပါသည်။ စပါး နှင့် ပြောင်းမျိုးကောင်းမျိုးသန့် ရရှိစေရန်ဈေးကြီးပေးပြီးဝယ်ကြရသည်။ စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီပြီးသောအခါတွင် တောင်ယာ များကို ရှင်းလင်းမီးရှို့ကြပါသည်။

စိုက်ပျိုးရေးရာသီနားသောကာလတွင် တစ်ဖက်တစ်လှမ်းမှ ဝင်ငွေရရှိစေရန်အတွက် အမျိုးသားများသည် ပန်းရံနှင့် လက်သမားလုပ်ငန်းများသွားရောက်လုပ်ကိုင်ဆောင်ရွက်ကြပြီး အမျိုးသမီးများမှာ ကြက် ၊ ဝက်မွေးမြူခြင်း နှင့် အချို့မှာ အရက်ချက်ပြီး ရွာတွင်းနှင့် နီးစပ်ရာ ကျေးရွာများတွင် သွားရောက်ရောင်းချခြင်းဖြင့်ဝင်ငွေ ရရှိအောင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ အရင်းအမြစ်အရင်းအနေဖြင့် ထိန်းသိမ်းထားသောသစ်တောနှင့် ရေထွက်ပေါက်ရှိပါသည်။ ကျေးရွာ လူထုများသည် အိမ်တိုင်းတွင်ရေတွင်းရေကိုသာသောက်သုံးကြသည်။ ထိုသို့ မိမိအိမ်ရှိရေတွင်းကို အသုံးပြုရခြင်းအကြောင်းရင်းမှာ မိမိနေထိုင်ရာကျေးရွာနှင့် မိနစ် ၂၀ ခန့်လမ်းလျှောက်သွားကြရသော ကြောင့်ရေထွက်ပေါက်မှရေကို အသုံးမပြုဘဲ စိုက်ပျိုးရေးအတွက်သာ အသုံးပြုကြပါသည်။ သို့သော်လည်း နွေရာသီတွင် ရေတွင်းရေများ ခမ်းသောကြောင့်အချို့အိမ်ထောင်စုမှာ ရေဝယ်ယူ သုံးစွဲရခြင်း အချို့မှာ ရေထွက်ပေါက်အထိ နွေရာသီတွင် သွားရောက်ခပ်ယူကြရပါသည်။

ထေးပလော်ခူကျေးရွာ မူလတန်းစာသင်ကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်း ကျောင်းများကို မြို့ပေါ်စာသင်ကျောင်းတွင်ကျောင်းတွင်သာ ဆက်လက်ပညာသင်ယူကြပါသည်။ ယခုအချိန်တွင် ကျေးရွာတွင် ပညာတတ်ဦးရေမှာ တဖြည်းဖြည်းပေါ်ထွက်လာပါသည်။ ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးအခက်အခဲများရှိပါက ကျေးရွာအနီးရှိ သောလင်ဖုံကျေးရွာရှိ ကျန်းမာရေးဆေးပေးခန်းတွင်သွားရောက်ဆေးကုသမှုခံယူကြပြီး အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် လွိုင်ကော်ဆေးရုံကြီးတွင် သွားရောက်ဆေးကုသမှု ခံယူကြရပါသည်။ ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလမ်းရန်ခက်ခဲပါသည်။ ကျေးရွာတွင် အိမ်ခြေ နှင့် လူဦးရေများသောကြောင့် ရွာ၏သာရေးနာရေး၊ လူမှုရေးများတွင် အတူတကွ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ





| ပါဝင်ဆွေးနွေးသူ - | မှတ်တမ်းတင်သူ |
|---|---|
| ကျား - ၄၉ | အမည်- ဒေါ်နော်ထူးထူးအောင် |
| မ - ၂၆ | ရာထူး -လူထုစည်းရုံးရေးမှူး |

# ပင့်ကူအိမ် သုံးသပ်ချက်

ထေးပလော်ခုကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများအားနည်းသောကြောင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများနှင့်သာပိုမို အချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်း များဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများအတွက် ဝင်ငွေရရှိမှုနည်းပါးကြပါသည်။ ထို့သို့ဝင်ငွေရရှိခြင်းနည်းသောကြောင့် အမျိုးသမီးများသည်ပေါင်းလိုက်ခြင်း၊ ကောက်စိုက်ခြင်း စသော လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြပါသည်။ အမျိုးသားများသည် အခြားနေ့စားလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေပိုရရှိပါသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတန်းတူရရှိကြပါသည်။

ထေးပလော်ခုကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများသည် အမွေရပိုင်ခွင့်နှင့် ပညာသင်ကြားပိုင်ခွင့်များတွင်တန်းတူ အခွင့်အရေးရရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့်လူမှုရေးများတွင်အမျိုးသားနှင့် အမျိုးသမီးအတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာပြောရဲဆိုရဲမှု အားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင်အားနည်းနေကြပါသည်။ သို့သော်လည်း အမျိုးသမီးများ ဆုံးဖြတ်ရမည့်ကဏ္ဍများတွင် အမျိုးသမီးများကဦးဆောင်ဆုံးဖြတ်ကြပါသည်။ အမျိုးသမီးများကိုအသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမိုလက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီး အတူတကွလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၆

မ - ၂၉

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# အဖွဲ့အစည်းချိတ်ဆက်မှု သုံးသပ်ချက်

ထေးပလော်ခူကျေးရွာတွင် ကျေးရွာအတွင်းအဖွဲ့ အစည်းများအနေဖြင့် အုပ်ချုပ်ရေးမှူး၊ လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဓမ္မစကြ်အဖွဲ့၊ ဆယ်အိမ်မှူး၊ စိတ်တူကိုယ်တူအဖွဲ့စသည့် အဖွဲ့အစည်းများရှိပါသည်။ လူငယ်အဖွဲ့၊ ဓမ္မစကြ်အဖွဲ့၊ စိတ်တူကိုယ်တူအဖွဲ့ စသောအဖွဲ့အစည်းများသည် ကျေးရွာ၏ သာရေး/နာရေး/ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အတူတကွချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်ပြီး ဆောင်ရွက်ကြပါသည်။

CDD အဖွဲ့သည် ကျေးရွာတွင် ကော်မတီများဖွဲ့ပြီး ထိုကော်မတီများကို သင်တန်းများ ပေးခြင်းနှင့် ကျေးရွာလူထုများနှင့် တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန် တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း၊ လိုအပ်လျက်ရှိသော လုပ်ငန်းများ သည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါက တွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**
၁။ ဦးဘောရယ်
၂။ ဒေါ်ထွေးမြာ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**
၁။ ဦးဗျားရယ်
၂။ ဒေါ်ဖရေမြာ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**
၁။ ဦးနျားရယ်ရှု
၂။ ဒေါ်စိန်ထူး

**ဝယ်ယူရေးကော်မတီ**
၁။ ဦးစိုးရယ်
၂။ ဒေါ်လွီးဇာ

**စေတနာ့ဝန်ထမ်း**
၁။ ဦးထွေးရယ်
၂။ ဒေါ်စူးမြာ


**ဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်**
**ရးကော်မတီ**
၁။ ဦးဦးရယ်
၂။ ဒေါ်ဖားမြာဦး

**ငွေစာရင်းကိုင်**
၁။ ဦးပဲရယ်

ပါဝင်ဆွေးနွေးသူ -
ကျား - ၁၄
မ- ၂၃

မှတ်တမ်းတင်သူ
အမည်- ဒေါ်နော်ထူးထူးအောင်
ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -
ကျား - ၄၃
မ-၃၃

မှတ်တမ်းတင်သူ
အမည်- ဒေါ်နော်ထူးထူးအောင်
ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| *လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
|---|---|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးဘောရယ် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉၇၇၀၅၇၂၀၇၄ | | လူထုစည်းရုံးရေးမှူး၏ အမည်<br>နော်ဖော်ထူးထူးအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နားလရီ | | ကျေးရွာ ထေးပလော်ခူ | |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ----ကယား | ၁၀၁ | ဘာသာ (၁) ---ဗုဒ္ဓ----- | ၁၁၁ |
| လူမျိုးစု (၂) -----ကယန်း | ၁၆ | ဘာသာ (၂) -ခရစ်ယာန် | ၁၆ |
| လူမျိုးစု (၃) -----ဗမာ | ၁၀ | ဘာသာ (၃) ------------- | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၇၆ | ၂၇၅ |
| လူမျိုးစု (၁)-----ကယား | ၂၄၄ | ၂၄၈ |
| လူမျိုးစု (၂)------ကယန်း | ၁၉ | ၁၂ |
| လူမျိုးစု (၃)--------ဗမာ | ၁၃ | ၁၅ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၁၂ | ၁၅ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | စရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | ဝလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ✓ | ☐ | သားဖွားဆရာမ | ✓ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ　UNDP

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်--------/မသိပါ　၂၀၁၅

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----၃၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်----------၃၀ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓ မရှိပါ　　☐ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ----------------------------------

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး ဘောဂယ်

လက်မှတ် နေ့စွဲ ၉.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဇော်ထူး ထူး အောင်

လက်မှတ် နေ့စွဲ ၉.၁၀.၂၀၁၇

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် နော်ရော်ဝါး ဝါး မောင် | | | |
| နေ့စွဲ ၁၁-၁၀-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားယရိုး | ကျေးရွာ ထေးပလော်ခူ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၁.၁၀.၂၀၁၇ | ၁၁.၁၀.၂၀၁၇ | ၄၆ | ၂၉ | ၇၅ | ကယား ၇၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၁.၁၀.၂၀၁၇ | ၁၁.၁၀.၂၀၁၇ | ၄၆ | ၂၉ | ၇၅ | ကယား ၇၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား ၂၈, ကယန်း ၁၅, ပအိုဝ် ၂၅, ရှမ်း - ၃, ကရင် - ၆, ဗမာ - ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆.၁၂.၂၀၁၇ | ၆.၁၂.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၃၅ | ၄၂ | ၇၇ | ကယား ၇၇ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၃၅ | ၄၂ | ၇၇ | ကယား ၇၇ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၁၀ | ၆ | ၁၆ | ကယား ၁၆ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၁၀ | ၆ | ၁၆ | ကယား | ၁၆ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၁၀ | ၆ | ၁၆ | ကယား | ၁၆ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၉.၁.၂၀၁၈ | ၁၉.၁.၂၀၁၈ | ၁၀ | ၆ | ၁၆ | ကယား | ၁၆ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်၊** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဇော်ထူးထူးအောင် | | | |
| နေ့စွဲ ၁၁.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဆိုင်ကော် | ကျေးရွာအုပ်စု နားသိုး | ကျေးရွာ လောပလော်ရွာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | သောက်သုံးရေ မလုံလောက်ခြင်း ကြောင့် | ၁ | - နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်း |
| - | ရေဝယ်ယူသုံးစွဲရခြင်း၊ အဝေးသို့သွား | | သောက်သုံးရေ ရှားပါးခြင်း |
| ၂ | ရောက် ခပ်ယူရခြင်း | ၂ | - ကလေးငယ်များ မိုးရာသီတွင် ကျောင်းသို့သွား သောအခါ လမ်းပျက်ဆက်သွယ်ရေးခက်ခဲခြင်း |
| ၃ - | ကျန်းမာရေး အတွက် အရေးကြီး အခြေအနေ နှင့် ပညာရေး အတွက် မိုးရာသီတွင် | ၃ | - မိုးအချိန်တွင် ရေဝပ်ခြင်းကြောင့် သွားလာရန်ခက်ခဲခြင်း နှင့်ကျန်းမာရေးအတွက် ခက်ခဲခြင်း |
| ၄ | လက်လှမ်း မမီ နှင့် သွားလာရန်ခက်ခဲခြင်း | ၄ | - ကျောင်းခြံစည်းရိုး မရှိသောကြောင့် ကလေးများ |
| ၅ - | ကလေးငယ်များ အတွက် ပညာရေး | ၅ | လုံခြုံမှုမရှိခြင်း |
| ၆ | နောက်ကျခြင်း | ၆ | - ဆေးဝါးများ လက်လှမ်းမှီမှုမရှိခြင်း |
| ၇ - | အရေးပေါ် အခြေအနေတွင် ဆေးဝါးနှင့် | ၇ | - သာရေး နာရေး နှင့် အစည်းအဝေးများပြုလုပ်ရန် |
| ၈ | ကျန်းမာရေးဝန်ဆောင်မှု အချိန်မှီ | ၈ | နေရာမရှိခြင်း |
| ၉ | မရရှိခြင်း | ၉ | - ပညာရေး အတွက် ဗဟုသုတရရှိစေရန် |
| ၁၀ - | ကျေးရွာလူထုများအတွက် သာရေး၊ နာရေး၊ | ၁၀ | စာကြည့်တိုက်များ မရှိခြင်း |

အစည်းအဝေး များ၊ ဈေးရောင်းပွဲ များ ပြုလုပ်ရန် နေရာခက်ခဲခြင်း

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျန်းမာရေး အတွက် အဆင်ပြေရန်သောက် သုံးရေ လုံလောက်စွာရရှိရန် | ၁ | ရေလုံလောက်မှုရရှိလာစေရန် |
| ၂ | ရွာတွင်းတွင် သွားလာရေး အဆင်ပြေစေရန် | ၂ | ကျေးရွာတွင်းသွားလာရန် အဆင်ပြေစေရန် |
| ၃ | ကလေးငယ်များ အသိပညာ ဗဟုသုတ ရရှိ | ၃ | ရေနုတ်မြောင်း နှင့် ရေကျော်တံတား ရရှိရန် |
| ၄ | ရန် | ၄ | ကလေးများ အတွက်လုံခြုံသော ကျောင်းခြံစည်းရိုး ရရှိရန် |
| ၅ | အချိန်မီဆေးကုသမှုခံယူနိုင်ရန် | ၅ | ကျေးရွာအတွက် ကျန်းမာရေးဝန်ဆောင်မှုရရှိရန် |
| | ကလေးများ ကျောင်းတက်ရန် လုံခြုံမှုရှိစေရန် | ၆ | အစည်းအဝေးများ၊ ဈေးရောင်းပွဲများ ပြုလုပ်ရန်နေရာ |
| | - ရွာလူထုများ အစည်းအဝေးပြုလုပ်ရန် | ၇ | ရရှိရန် |
| | နေရာအဆင်မပြေခြင်း | ၈ | - ကလေးငယ်များ ဗဟုသုတများရရှိရန် |
| | | ၉ | - ရွာအတွင်း ညအချိန် သွားလာရန် အဆင်ပြေရန် |
| | | ၁၀ | နှင့် လမ်းမီးများ ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

ပထမအကြိမ် ၊ ဒုတိယ အကြိမ် ....................................အစည်းအဝေးအစီရင်ခံစာ

| | | | |
|---|---|---|---|
| နေ့ရက် | ၁၁.၁၀.၂၀၁၇ | အချိန် | မှ ထိ |
| နေရာ | လူငယ်ရိပ်သာ | ကျေးရွာအုပ်စု/ကျေးရွာ | ဘုံးယိုးအုပ်စု ၊ ထေးပဖော်ကျေးရွာ |
| မြို့နယ် | ကြိုင်ကော် | ပြည်နယ် | ကယား |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲဆောင်ရွက်ခြင်း ၊ ဒေသထူထပ်ပြုမှု စီမံကိန်းမိတ်ဆက် ၊ စီမံကိန်းစက်ဝန်း ၊ |
| ၂ | ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များ ပြန်လည်သုံးသပ်ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း ၊ |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပြန်လည်အတည်ပြုခြင်း |
| ၄ | နောက်လုပ်ငန်းစဉ်များအား ရှင်းလင်းခြင်း ၊ အကာအကွယ် ပုံစံများအား ရှင်းလင်းခြင်း |
| ၅ | အစည်းအဝေးပိတ်သိမ်းခြင်း နှင့် ကျေးဇူးတင်စကားပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်း မိတ်ဆက် နှင့် စီမံကိန်း စက်ဝန်း များအား ပြန်လည်ရှင်းပြခြင်း | ဒေါ်နော်ထူးထူးအောင် |
| - စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များအား ပြန်လည်ရွေးချယ်ခြင်း | ဒေါ်အိအိထွန်း |
| - ပထမနှစ်မှ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်မှုခြင်းများကို ပြန်လည်သုံးသပ်ခြင်း | |
| - ကျေးရွာရှိ အမျိုးသား ၊ အမျိုးသမီး များ၏ အခက်အခဲများ ၊ မျှော်မှန်းချက် နှင့် ပထမနှစ် စက်ဝန်း မှ ရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲ များအား ပြန်လည် ဆွေးနွေးခြင်း | |
| - အကျိုးဝင်သောလုပ်ငန်း နှင့် အကာအကွယ် ၊ ပုံစံ များအား ဆွေးနွေးခြင်း | ဒေါ်အိဖြိုးဟန် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ကျေးရွာမှ စေတနာ့ဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့များအား ပြန်လည် ဖွဲ့စည်းရန် ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ ပထမနှစ် စက်ဝန်းတွင် ပါဝင်သော ကော်မတီများတွင် လူငယ်များ ပါဝင်မှုအားနည်းနေသောကြောင့် လူငယ်များပါဝင်လာစေရန် ကော်မတီများတွင် လူငယ်များ နှင့် လူကြီး အချိုးတူ ပါဝင်စေရန် ဆွေးနွေးဆုံးဖြတ်ဖွဲ့စည်းခဲ့ကြပါသည်။ လူမှုဆန်းစစ်ချက်များတွင် လည်း လိုအပ်သော အချက်များကိုလည်း ထပ်မံဖြည့်စွက်ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ စီမံကိန်းလုပ်ငန်းခွဲများကိုလည်း ဒုတိယနှစ်စက်ဝန်းအတွက် ထပ်မံဆွေးနွေးပြီး ပထမဦးစားပေးလုပ်ငန်းများကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ဒေါ်နော်ထူးထူးအောင်

ရာထူး - လူထုစည်းရုံးရေးမှူး

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လူငယ်ရိပ်သာတည်ဆောက်ခြင်း။ | မ ( √ ) ကျား (√ ) | | | |
| | ၂ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | မ ( √) ကျား(√ ) | | | |
| | ၃ | ရေနုတ်မြောင်းနှင့်ရေကျော်တံတား | မ ( √ ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | | မ ( ) ကျား( ) | | | |
| | ၂ | | မ ( ) ကျား( ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |
| | ၅ | | မ ( ) ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေး ပညာရေး | ၁ | အဝီစိရေတွင်းတူးခြင်း | မ( √ ) ကျား(√ ) | | | |
| | ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း။ | မ( √ ) ကျား(√ ) | | | |
| | ၃ | | မ ( ) ကျား( ) | | | |
| | ၄ | | မ ( ) ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | မူကြိုကျောင်း အသစ်တည်ဆောက် ခြင်း။ | မ (√ )<br>ကျား(√ ) | | | |
| | ၂ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | မ (√ )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ (ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ (ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူငယ်ရိပ်သာတည်ဆောက်ခြင်း | ၁ | | | √ | |
| ၂။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ၂ | | | √ | |
| ၃။ | မူကြိုကျောင်းအသစ်တည်ဆောက်ခြင်း | ၃ | | | √ | |
| ၄။ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | ၄ | | | √ | |
| ၅။ | ရေနုတ်မြောင်းနှင့်ရေကျော်တံတား | ၅ | | √ | | |
| ၆။ | အဝီစိတွင်းတူးခြင်း | ၆ | √ | | | |
| ၇။ | ဆေးပေးခန်းအသစ်တည်ဆောက်ခြင်း | ၇ | √ | | | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၆

မ - ၂၉

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



